# အပတ်စဉ်ထုတ်ပြန်ချက်  ၂၀၂၂ ခုနှစ် ဧပြီလ  ၂၅ ရက်နေ့မှ မေလ ၁ ရက်နေ့အထိ

အကျဉ်းချုပ်

လူ့အခွင့်အရေး
ချိုးဖောက်မှုများ

မြန်မာနိုင်ငံတွင်းမှ
ပဋိပက္ခများ

နေ့စွဲအလိုက် မှတ်တမ်းများ

လူ့ အ ခွင့် အ ရေး မှတ် တမ်း ကွန် ရက် ( မြန် မာ နိုင် ငံ )

အပတ်စဉ်ထုတ်ပြန်ချက်ကြည့်ရန်

# အကျဉ်းချုပ်

၁,၈၀၃+ သတ်ဖြတ်ခံရ

၁၃,၄၉၆+ ဖမ်းဆီးခံခဲ့ရ

၁၀,၄၄၉+ ချုပ်နှောင်ခံထားရဆဲ

၁,၉၇၇+ ဖမ်းဝရမ်းထုတ်ခံရ

## မြန်မာနိုင်ငံတွင် အမျိုးသမီးများနှင့် အရပ်သားများအပေါ် ပစ်မှတ်ထားမှုများ တိုးလာနေသည်။ အရပ်သားများသည် ပစ်မှတ်မဟုတ်ပါ။

အမျိုးသမီးများနှင့် ကလေးသူငယ်များအပေါ် ကျူးလွန်သည့် အကြမ်းဖက်မှုများသည် နိုင်ငံတစ်ဝှမ်းရှိ အရပ်သားတို့၏ လုံခြုံရေးကို ဆက်လက် ထိခိုက်ယိုယွင်းစေပါသည်။ ထိခိုက်လွယ်ဆုံးသောသူများ စိတ်ပူပန်သောက အရောက်ရဆုံးအချိန်ဖြစ်သည့် အကြမ်းဖက်တိုက်ခိုက်မှုမှ ဘေးကင်းလုံခြုံရန် ထွက်ပြေးရချိန်တွင်လည်း စစ်အာဏာရှင်သည် အကြမ်းဖက်မှုကို ဆိုင်းငံ့ခြင်းမရှိပါ။ မြန်မာနိုင်ငံ လူ့အခွင့်အရေး အခြေအနေဆိုင်ရာ ကုလသမဂ္ဂ မဟာမင်းကြီးရုံး၏ နှစ်ပတ်လည် အစီရင်ခံစာတွင် မြန်မာနိုင်ငံတွင် ကလေးသူငယ် အသတ်ခံရမှု ၁၀၀ ကျော်ရှိကြောင်း ဖော်ပြထားသည်။ အမျိုးသား ညီညွတ်ရေး အစိုးရ၏ ထုတ်ပြန်ချက်အရ ဧပြီလ ၄ ရက်နေ့အထိ အမျိုးသမီး ၁၅၀ ထက်မနည်း အသတ်ခံခဲ့ရသည်။ ။ ထိခိုက်လွယ်သော အုပ်စုများကို စနစ်တကျ ဖိနှိပ်ခြင်းသည် အမျိုးသမီးများနှင့် ကလေးများ၏ လိုအပ်ချက်များကို ကာလရှည်ကြာ လုံလောက်စွာ မဖြည့်ဆည်းပေးနိုင်ဘဲ ချို့ယွင်းနေပြီဖြစ်သော အခြေခံအဆောက်အအုံနှင့် ဥပဒေတို့၏ ကွာဟချက်ကို ပို၍ ဆိုးရွားစေသည်။

စစ်အာဏာရှင်များသည် လွှမ်းမိုးချုပ်ကိုင်မှု နည်းဗျူဟာများဖြင့် အာဏာကို ထိန်းချုပ်ရန် ဆက်လက် ကြိုးပမ်းနေသောကြောင့် အောင်မြင်မှုမရှိသော အာဏာသိမ်းမှု၏ ကြီးမားသည့် အကျိုးဆက်များကို အမျိုးသမီးများနှင့် ကလေးငယ်များ ခံစားနေရသည်။ အကြမ်းဖက်စစ်တပ်အတွက် အမျိုးသမီးငယ်များအား ပေါ်တာထမ်းခိုင်းပြီး လူသားဒိုင်းအဖြစ် အသုံးပြုသည့် ဖြစ်ရပ်ပေါင်း အနည်းဆုံး ၈၅ ခု ဖြစ်ပွားခဲ့သည်။ စစ်တပ်၏ ပေါ့ဆမှုနှင့် အရည်အချင်းမရှိမှု တိုက်ရိုက်အကျိုးဆက်ကြောင့် ၎င်းတို့သည် ၂၀၂၁ ခုနှစ်တွင် အလုပ်အကိုင် ၁.၆ သန်း အလုပ်အကိုင်ဆုံးရှုံးခြင်း၏ အကျိုးသက်ရောက်မှုကိုလည်း ခံခဲ့ရသည်။ အိမ်ထောင်စုအများစုတွင် အမျိုးသမီးများသည် အိမ်ကို အဓိက စောင့်ရှောက်သူများဖြစ်ကြသော်လည်း အကြမ်းဖက်စစ်တပ်မှ ဥပဒေမဲ့ မြေလှန်ထိုးစစ်ဆင် ရှင်းလင်းချိန် နေအိမ်ထောင်ပေါင်းများစွာကို မီးရှို့ဖျက်ဆီးခဲ့မှုကို မျက်မြင်တွေ့ရပြီးနောက် ၎င်းတို့၏ နေအိမ်များအား စွန့်ခွာခဲ့ရသည်။ အကြမ်းဖက်စစ်တပ်သည် မြေမြှုပ်မိုင်းများကို အရပ်သားဒေသများတွင် ဗျူဟာမြောက် ချထားသောကြောင့် မြေမြှုပ်မိုင်းအန္တရာယ်သည်လည်း ခြိမ်းခြောက်မှုအဖြစ် ဆက်လက်ရှိနေသေးသည်။ ပြီးခဲ့သည့်နှစ်တွင် ပေါက်ကွဲစေတတ်သော အကြွင်းအကျန်များနှင့် မြေမြှုပ်မိုင်းကြောင့် ထိခိုက်ဒဏ်ရာရသူ အမျိုးသမီး ၃၃ ဦးနှင့် ကလေး ၅၅ ဦး ရှိခဲ့သည်။

မြန်မာနိုင်ငံတွင် ကျားမ အခြေပြု အကြမ်းဖက်မှုများ မြင့်တက်လာသည်။ ကရင်နီပြည်နယ်တွင် အမျိုးသမီးများသည် လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုနှင့် အခြားသော မတော်မရော် အကြမ်းဖက်မှုပုံစံများ တိုးမြင့်လာနေကြောင်း အမျိုးသမီးအခွင့်အရေး လှုပ်ရှားသူများမှ အစီရင်ခံတင်ပြကြသည်။ ရှည်လျားသော သမိုင်းကြောင်းအရ စစ်ဘက်ဆိုင်ရာ တရားရုံးများမှ ၎င်းတို့ ကိုယ်တိုင် အကာအကွယ် ပေးမှုကြောင့် ဤရာဇဝတ်မှုများကို ကျူးလွန်ခဲ့သော စစ်သားများသည် အပစ်ပေးအရေးယူခံရခြင်းမရှိဘဲ ကျူးလွန်ခဲ့သော ပြစ်မှုများ၏ အကျိုးဆက်ကို ရှောင်တိမ်းနေကြသည်။ နစ်နာသူများနှင့် ၎င်းတို့၏ မိသားစုဝင်များသည် ပြန်လည်ကုစားခြင်း သို့ မဟုတ် တရားမျှတမှု မရရှိသေးချိန် အကြမ်းဖက်စစ်သားများသည် အပြစ်ပေးအရေးယူးခံရခြင်းမရှိဘဲ ပြစ်ဒဏ် ကင်းလွတ်ခွင့်ရရှိနေကြသည်။ လက်ရှိမြေပြင်အနေအထားအရ အကြမ်းဖက်ခံရမှုမှ လွတ်မြောက်သူများသည် ၎င်းတို့၏ အမှုများကို တရားဝင်လမ်းကြောင်းမှတဆင့် တိုင်ကြားနိုင်ခြင်းမရှိပေ။ ကွာဟချက်အများစုကို အရပ်ဘက်အဖွဲ့အစည်းများနှင့် ဒေသအခြေပြု အဆင့် အမျိုးသမီးအဖွဲ့များမှ ဖြည့်ဆည်းပေးနေရသည်။

စစ်အာဏာရှင်၏ ရက်စက်ယုတ်မာမှုများကို ခံခဲ့ရသော သူများအတွက် တရားမျှတမှု ရှိရမည်။

ထိတ်လန့်ဖွယ်ကောင်းသော အဆိုပါဖြစ်ရပ်ဆိုးများဖြင့် ကျူးလွန်နေသည့် ပြစ်မှုများကို ချက်ချင်းရပ်တန့်စေသည့် အဓိပ္ပါယ်ရှိသော တုံ့ပြန်မှုများ ပြုလုပ်ရန် နိုင်ငံတကာ အသိုင်းအဝိုင်းအား တွန်းအားပေးရမည်ဖြစ်သည်။

# လူ့အခွင့်အရေးချိုး ဖောက်မှုများ

အမျိုးသမီးများအပေါ်အကြမ်းဖက်ခြင်း
နေရပ်စွန့်ခွာ ထွက်ပြေးတိမ်းရှောင်ခြင်း
စီးနင်းတိုက်ခိုက်ခြင်း

**ကရင်နီ (ကယား)ပြည်နယ်** – ဧပြီလ ၂၇ရက်နေ့တွင် ရေတွင်းတစ်ခုအတွင်း ဖမ်းဆီး ညှဉ်းပန်းနှိပ်စက် သတ်ဖြတ်ခံရဖွယ်ရှိသော အမည်မသိ ရုပ်အလောင်းနှစ်လောင်း တွေ့ရှိခဲ့သည်ဟု  ကရင်နီအမျိုးသားများကာကွယ်ရေးတပ်ရင်း (၉)၏ ထုတ်ပြန်ခဲ့သည်။

**ကရင်ပြည်နယ် ဘားအံမြို့နယ်** – ၈၈ မျိုးဆက် ကျောင်းသား ၂ ဦးကို အကြမ်းဖက်စစ်အာဏာရှင် ဖမ်းဆီးထားကြောင်း ဧပြီလ ၂၉ ရက်နေ့တွင်  နိုင်ငံရေး အကျဉ်းသားများ ကူညီစောင့်ရှောက်ရေးအသင်း (AAPP) မှ သတင်းထုတ်ပြန်ခဲ့သည် ၎င်းတို့၏ မိသားစုဝင်များဖြစ်သော ။ အသက် ၈၀ အရွယ် အမျိုးသမီးတစ်ဦးအပါအဝင် မိသားစုဝင်များကိုလည်း  ရန်ကုန်တိုင်းဒေသကြီး ကျောက်တံတားမြို့နယ်တွင် ဖမ်းဆီးခဲ့သည်။

**မကွေးတိုင်းဒေသကြီး** –ယောကာကွယ်ရေးတပ်ဖွဲ့နှင့် တိုက်ပွဲဖြစ်ပွားပြီးနောက် စစ်တပ်မှ ဓားစာခံအဖြစ် ဖမ်းဆီးခေါ်ဆောင်သွားခြင်းခံရသော ဘာသာရေးခေါင်းဆောင်များ၊ ကလေးများနှင့် သက်ကြီးရွယ်အိုများ အပါအဝင် ရွာသား ၂ ဒါဇင်နီးပါး ပို၍ အကြမ်းဖက်ခြိမ်းခြောက်ခံခဲ့ရသည်။

**ထားဝယ်မြို့နယ်၊ သရက်ချောင်းကျေးရွာ** –   ဒေသခံရွာသားနှစ်ဦးသည် ဧပြီလ ၁၇ ရက်နေ့တွင် ကမိုင်းကျေးရွာအနီး အကြမ်းဖက်စစ်တပ်၏ ဖမ်းဆီးသတ်ဖြတ်ခြင်းကို ခံခဲ့ရပြီးနောက် ၎င်းတို့အား အကြမ်းဖက်စစ်တပ်၏ ယာယီအခြေစိုက်စခန်းအနီးရှိ ရာဘာတောတွင် မြှုပ်နှံခဲ့သည်။

# မြန်မာနိုင်ငံတွင်းမှ ပဋိပက္ခများ

မြန်မာနိုင်ငံတဝှမ်း လူဦးရေ ၈၈၉,၉၀၀ ခန့်သည် မတည်ငြိမ်မှုများနှင့် တိုက်ပွဲများကြောင့် နေရပ်စွန့်ခွာ ထွက်ပြေးနေရဆဲဖြစ်သည်။

## ကရင်ပြည်နယ်

ကရင်ပြည်နယ်တွင် စစ်ဘေးရှောင် ခန့်မှန်းခြေ ၁၄၀,၀၀၀ ရှိသည်။ ကရင်အမျိုးသား လွတ်မြောက်ရေးတပ်မတော် KNLA နှင့် အကြမ်းဖက်စစ်တပ်ကြား တိုက်ပွဲများ ပြင်းထန်လာခြင်းကြောင့် အရပ်သားများအတွက် စိန်ခေါ်မှုများစွာကို ဖြစ်စေခဲ့သည်။

**ထပ်မံဖတ်ရှုရန်**

## ကရင်နီ (ကယား) ပြည်နယ်

ဖေဖော်ဝါရီလ ၁ ရက်နေ့ကတည်းမှ စတင်၍ အရပ်သား ၂၀၀ ကျော်သေဆုံးခဲ့သော ကရင်နီပြည်နယ်တွင် စစ်တပ်၏ အကြမ်းဖက်ချိုးဖောက်မှုများကို  ကရင်နီ အရပ်ဘက်အဖွဲ့အစည်းများမှ ဆက်လက်မှတ်တမ်းပြုထားသည်။

**ထပ်မံဖတ်ရှုရန်**

## စစ်ကိုင်းတိုင်းဒေသကြီး

စစ်အာဏာရှင်တို့ အစုလိုက်အပြုံလိုက် အသေအပျောက်နှင့် ဘက်ပြောင်းလာမှုများ ဆက်လက်ကြုံတွေ့နေရသဖြင့် စစ်ကိုင်းတိုင်းဒေသကြီးရှိ အရပ်သားများ၏ စွမ်းအားနှင့် ကြံ့ကြံ့ခံနိုင်ရည်ရှိမှုသည် နိုင်ငံတဝှမ်းတွင် အရဲရင့်ဆုံးနှင့် သတ္တိအရှိဆုံးအဖြစ် တွေ့ရသည်။

**ထပ်မံဖတ်ရှုရန်**



# ကရင်ပြည်နယ်

ကရင်ပြည်နယ်တွင် စစ်ဘေးရှောင် ခန့်မှန်းခြေ ၁၄၀,၀၀၀ ရှိသည်။ ကရင်အမျိုးသား လွတ်မြောက်ရေးတပ်မတော် KNLA နှင့် အကြမ်းဖက်စစ်တပ်ကြား တိုက်ပွဲများ ပြင်းထန်လာခြင်းကြောင့် အရပ်သားများအတွက် စိန်ခေါ်မှုများစွာကိုဖြစ်စေခဲ့သည်။ ဒေသခံရွာသားများသည် ၎င်းတို့၏ ရုပ်ပိုင်းဆိုင်ရာနှင့် စိတ်ပိုင်းဆိုင်ရာ သုခချမ်းသာကို ခြိမ်းခြောက်မှုများ တိုးလာခြင်းနှင့်အတူ စီးပွားရေးအရ ထိခိုက်နစ်နာမှုများလည်း ကြုံတွေ့နေရသောကြောင့် ၎င်းတို့၏ နေ့စဉ်ဘဝသည် မျှတမှုမရှိဘဲ အကြပ်အတည်းနှင့် ရင်ဆိုင်နေရသည်မှ ငြင်းဖွယ်ရာမရှိပါ။ အကြမ်းဖက်စစ်တပ်၏ ဖမ်းဆီးခံရမှုလည်း နေ့စဉ်တိုးလာနေသည်။ ND-Burma အဖွဲ့ဝင်အဖွဲ့အစည်းဖြစ်သည့်။

မွန်ပြည်လူ့အခွင့်အရေး ဖောင်ဒေရှင်း (HURFOM) ၏ အဆိုအရ ဧပြီလ ၂၁ ရက်နေ့နှင့် ၂၄ ရက်နေ့တွင် ငွေလွှဲလုပ်ငန်းရှင်နှစ်ဦး၏ ဆိုင်ကို ဝင်ရောက်စီးနင်းခဲ့သောကြောင့် စီးပွားရေးလုပ်ငန်းများကိုလည်း ပစ်မှတ်ထားနေကြောင်း ဒေသခံတို့မှ ထုတ်ဖော်ပြောဆိုခဲ့သည်။ ဧပြီလ ၁၉ ရက်နေ့ကတည်းမှစ၍ CDM ဆရာမတစ်ဦးအပါအဝင် လူ ၈ ဦးခန့် ဖမ်းဆီးခံခဲ့ရသည်။ ဖမ်းဆီးခံခဲ့ရသူများသည် ငယ်ရွယ်ပြီး အပြစ်ကင်းသူများဖြစ်သည်။

အကြမ်းဖက်စစ်တပ်မှ လုပ်ဆောင်နေသော မငြိမ်မသက်မှုကြား ကရင်နယ်မြေအတွင်း စစ်တပ်မှ စွန့်ခွာခြင်းမရှိသောကြောင့် ကရင်အမျိုးသားအစည်းအရုံး KNUမှ စစ်တပ်စခန်းများကို သတိပေးပစ်ခတ်ခဲ့သည်။ ၂၀၂၂ ခုနှစ် ဧပြီလ ၂၉ ရက်နေ့တွင် ကရင်ပြည်နယ် မူတြော်ခရိုင်တွင် အကြမ်းဖက်စစ်တပ်မှ လေကြောင်းဖြင့် ၃ နာရီကြာ ပစ်ခတ်တိုက်ခိုက်ခဲ့သည်ဟု ကရင်ငြိမ်းချမ်းရေးအထောက်အကူပြုကွန်ရက် KPSN မှထုတ်ပြန်ခဲ့သည်။



## ကရင်နီ (ကယား) ပြည်နယ်

ဖေဖော်ဝါရီလ ၁ ရက်နေ့ကတည်းမှ စတင်၍ ၁၅ လတာ ကာလအတွင်း ကရင်နီပြည်နယ်တွင် အရပ်သား သေဆုံးမှု ၂၅၀ ကျော်ရှိသည်။ တိုးတက်သောကရင်နီပြည်သူ့အင်အားစု (PKPF)၏ထုတ်ပြန်ချက်အရ စစ်တပ်၏ အကြမ်းဖက်မှုအတွင်း အသတ်ခံရသူအများစုမှာ အမျိုးသားများဖြစ်ပြီး အမျိုးသမီးများနှင့် ကလေးသူငယ်များလည်းပါဝင်သည်။ အများစုမှာ ဒီမောဆိုမြို့နယ်အတွင်းတွင် အသတ်ခံရခြင်းဖြစ်သည်။ စစ်ရာဇဝတ်မှုနှင့် လူသားမျိုးနွယ်အပေါ် ကျူးလွန်သည့် ရာဇဝတ်မှုများကြောင့် အရပ်သား ထောင်ပေါင်းများစွာ ထွက်ပြေးတိမ်းရှောင်ခဲ့ရသည်။ သို့သော်လည်း အရေးပါသောလမ်းကြောင်းများကို ပိတ်ဆို့ထားခြင်းနှင့် စစ်ဆေးရေးဂိတ်များ တိုးလာခြင်းသည် အဓိကစိန်ခေါ်မှုဖြစ်နေသည်။ ၎င်းသည် အရေးပေါ်လိုအပ်နေသော လူသားချင်းစာနာမှုအကူအညီများ လုံခြုံစိတ်ချစွာ ပို့ဆောင်နိုင်ရန် အဟန့်အတားဖြစ်စေသည်။ PKPF ၏အဆိုအရ ပဋိပက္ခကြောင့် ဘေးကင်းလုံခြုံရေးအတွက် ထွက်ပြေးရန် ကြိုးပမ်းစဉ် အရပ်သား ၂ ဒါဇင်ခန့် အကြမ်းဖက်စစ်တပ်၏ သတ်ဖြတ်ခြင်းကို ခံခဲ့ရသည်။ ဖေဖော်ဝါရီလ ၁၅ ရက်နေ့ ပစ်သတ်ခံရသည့်အထဲတွင် အသက် ၈ နှစ်အရွယ် ကလေးငယ်တစ်ဦးပါဝင်သည်။

မြေမြှုပ်မိုင်းများသည် ကရင်နီပြည်နယ်တွင် ကျန်ရှိနေသော အရပ်သားများအတွက် နောက်ထပ်စိန်ခေါ်မှုတစ်ရပ်ဖြစ်လာသည်။ အရပ်သားများ ၎င်းတို့၏ နေအိမ်နှင့် လယ်ယာများကြား ပုံမှန်သွားလာနေသည့် နေရာများတွင်အကြမ်းဖက်စစ်တပ်သည် ဗျူဟာ တစိတ်တပိုင်းအနေဖြင့် တမင်ရည်ရွယ်ချက်ရှိရှိဖြင့် မြေမြှုပ်မိုင်းများကို ထားရှိသည်။

အာဏာသိမ်းပြီးနောက် အကြမ်းဖက်စစ်တပ်၏ မြေမြှုပ်မိုင်းကြောင့် အရပ်သား ၁၅ ဦးထက်မနည်း ဒဏ်ရာရပြီး တစ်ဦး သေဆုံးခဲ့ကြောင်း ကရင်နီလူ့အခွင့်အရေးအဖွဲ့မှ ထုတ်ပြန်ထားသည်။ ရလဒ်အနေဖြင့် အသက်ရှင်ကျန်ရစ်သူများမှာ ယခုအခါ ဒုက္ခိတများဖြစ်နေသည်။

စစ်အာဏာသိမ်းပြီးနောက် အမျိုးသမီးများအပေါ် အကြမ်းဖက်ခံရမှုများ ပိုများလာသည်။ သက်ငယ်အမျိုးသမီးများသည် အသတ်ခံရခြင်း၊ အဓမ္မပြုကျင့်ခံရခြင်းနှင့် ဖမ်းဆီးခြင်းများ ခံနေရသည်။ တိုင်းပြည်တွင်း မတည်ငြိမ်မှုများနှင့် စိတ်ဖိစီးမှုများကြောင့် စစ်ဘေးရှောင်စခန်းများတွင် အိမ်တွင်းအကြမ်းဖက်မှုများ ရှိလာသည်။



# စစ်ကိုင်းတိုင်းဒေသကြီး

စစ်အာဏာရှင်တို့ အစုလိုက်အပြုံလိုက် အသေအပျောက်နှင့် ဘက်ပြောင်းလာမှုများ ဆက်လက်ကြုံတွေ့နေရသဖြင့် စစ်ကိုင်းတိုင်းဒေသကြီးရှိ အရပ်သားများ၏ စွမ်းအားနှင့် ကြံ့ကြံ့ခံနိုင်ရည်ရှိမှုသည် နိုင်ငံတဝှမ်းတွင် အရဲရင့်ဆုံးနှင့် သတ္တိအရှိဆုံးအဖြစ် တွေ့ရသည်။ ပြီးခဲ့သည့် ရက်သတ္တပတ်အတွင်း ကျေးရွာများ မီးရှို့ဖျက်ဆီးခံခဲ့ရပြီး အရပ်သား သုံးဦးနှင့် အတူ သံဃာတစ်ပါး သေဆုံးခဲ့သည်။ ရွာသားများကို ပစ်မှတ်မထားဘဲ ဆုတ်ခွာပေးရန် စစ်သားများအား ဒေသခံများမှ အသနားခံခဲ့ကြသည်။ ၎င်းတို့၏ ရဲစွမ်းသတ္တိကြောင့် ၎င်းတို့၏ အသက်ဆုံးရှုံးခဲ့ရသည်။

စိတ်ဒဏ်ရာရကာ ထိန့်လန့်ကြောက်ရွံ့နေသော အရပ်သားပြည်သူများသည် လက်ရှိဖြစ်ပွားနေသော အကြမ်းဖက်မှုများကြောင့် ဘေးကင်းလုံခြုံရေးအတွက် မိမိနေအိမ်များကို စွန့်ခွာထွက်ပြေးရကာ “နေရပ်သို့မပြန်ရဲ့ကြောင်း” ပြောဆိုခဲ့သည်။ ဤကဲ့သို့သောလုပ်ရပ်များသည် အကြမ်းဖက်စစ်တပ်မှ စဉ်ဆက်မပြတ် လုပ်ဆောင်နေသော အလားတူ ကြောက်မက်ဖွယ်လုပ်ရပ်များကို ကျေးရွာသားတော်တော်များများ တောင့်ခံ ရင်ဆိုင်နေရသည်။ ယခုလအတွင်း ကောလင်းနှင့် ဝန်းသို ဒေသရှိ ကျေးရွာ ၄၀ မှ ဒေသခံ ၃၀,၀၀၀ ကျော် နေရပ်စွန့်ခွာ ထွက်ပြေးခဲ့ရသည်။ ထို့အပြင် ဧပြီလ ၂၅ ရက်မှ ၂၇ ရက်အတွင်း စစ်ကိုင်းတိုင်းဒေသကြီး မင်းပြား၊ ခင်ဦးနှင့် ရွှေဘိုမြို့နယ်များရှိ အိမ်ခြေ ၅၀၀ ခန့် မီးလောင်ကျွမ်းခဲ့သည်။

အရပ်သားများသည် ဝင်ငွေရရှိရန် ၎င်းတို့၏ ကုန်ပစ္စည်းများကို ဈေးအတွင်း ရောင်းချနိုင်ခြင်းမရှိသောကြောင့် ထောက်ပံ့ပို့ဆောင်ရေးဆိုင်ရာ စိန်ခေါ်မှုများကိုလည်း ကြုံတွေ့နေရသည်။ လုံခြုံရေးအခြေအနေကြောင့် စားနပ်ရိက္ခာ၊ ဆေးဝါးနှင့် ကုန်ပစ္စည်းများ သယ်ယူပို့ဆောင်ရာတွင် ပိုမိုခက်ခဲစေသည်။

# နေ့စွဲအလိုက် မှတ်တမ်းများ

ဧပြီလ နောက်ဆုံးပတ်နှင့်
မေလ ပထမပတ်
ဧပြီလ ၂၅ ရက်နေ့မှ
မေလ ၁ ရက်နေ့အထိ

## ဧပြီလ

**၂၅** အိန္ဒိယအစိုးရသည် စစ်တပ်၏ အကြမ်းဖက်မှုမှထွက်ပြေးလာသူများကို ကူညီရန် ငွေကြေးအကူအညီပေးရန်ကတိပြုထားသောကြောင့် မီဇိုရမ်ပြည်နယ်တွင် ချင်းလူမျိုး ၃၀,၀၀၀ နီးပါး စာရင်းသွင်းထားကြောင်း ချင်းလူ့အခွင့်အရေးအဖွဲ့ CHRO မှ သတင်းထုတ်ပြန်သည်။

**၂၆** COVID-19 ကာကွယ်ဆေးထိုးခြင်း အစီအစဉ်၏ ညွှန်ကြားရေးမှူး ဒေါက်တာ ထားထားလင်းအား စစ်အုပ်စုမှ ထောင်ဒဏ် ၃ နှစ် ချမှတ်ခဲ့သည်။

**၂၇** ဒေါ်အောင်ဆန်းစုကြည်အား အကြမ်းဖက်စစ်အာဏာရှင် တရားရုံးမှ အာဂတိမှု အပြစ်ရှိသည်ဟုဆိုကာ ထောင်ဒဏ် ၅ နှစ်ထပ်မံချမှတ်ခဲ့သည်။

**၂၈** အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်၏ ရှေ့နေဖြစ်သူ ဒေါ်ရွက်နုအောင်အား နိုင်ငံရေးပုဒ်မဖြင့် အကြမ်းဖက်စစ်တပ်မှ ဖမ်းဆီးခဲ့သည်။

**၂၉** ထိုင်းနိုင်ငံမှ ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းစု PTTEP နှင့် မလေးရှားနိုင်ငံမှ Petronas တို့သည် မြန်မာနိုင်ငံရှိ ရေတံခွန်ဓာတ်ငွေ့စီမံကိန်းမှ နုတ်ထွက်ကြောင်း ကြေညာခဲ့သည်။

**၃၀** ထားဝယ်မြို့ရှိ နိုင်ငံရေး အကျဉ်းသား နှစ်ဦးကို စစ်အာဏာရှင်တရားရုံးမှ ထောင်ဒဏ် တစ်သက်တစ်ကျွန်း ချမှတ်ခဲ့သည်။ ယခု ချမှတ်လိုက်သည့် ပြစ်ဒဏ်သည် ထားဝယ် နိုင်ငံရေး အကျဉ်းသားများအတွက် ပထမဆုံး အမြင့်ဆုံး ပြစ်ဒဏ် ဖြစ်သည်။

## မေလ

**၁** အမျိုးသား ညီညွတ်ရေးအစိုးရ NUG နှင့် ထိတွေ့ဆက်ဆံရန် အလွတ်သဘော ထိတွေ့ဆက်ဆံမှု ယန္တရားတစ်ခု ထူထောင်ရန် အာဆီယံသို့ အဆိုပြုချက် တင်သွင်းရန် အစီအစဉ်ရှိကြောင်း မလေးရှားမှ ကြေညာခဲ့သည်။



လူ့အခွင့်အရေးမှတ်တမ်းကွန်ရက် (မြန်မာနိုင်ငံ)

https://nd-burma.org/

https://twitter.com/NDBurma/

https://facebook.com/theNDBurma